# ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ (၂၂)နှစ်မြောက် ထုတ်ပြန်ကြေငြာချက်

**ရက်စွဲ။ ။ ၈ ရက် ၊ ဩဂုတ်လ ၊ ၂၀၁၀ ခုနှစ်**

ယနေ့ ဩဂုတ်လ(၈)ရက်နေ့သည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် ရဟန်းရှင်လူ ကျောင်းသားပြည်သူ တရပ်လုံး၏ ဒီမိုကရေစီ အရေးတော်ပုံကြီး (၂၂)နှစ် ပြည့်မြောက်သည့် သမိုင်းမော်ကွန်းဝင်နေ့ တစ်နေ့ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ထိုအရေးတော်ပုံကြီး၏ တိုက်ပွဲအရှိန်ကား ရပ်တန့်မသွားခဲ့သည့်အပြင် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီရရှိရေးနှင့် အမျိုးသား တန်းတူရေး တိုက်ပွဲများအတွက် မြန်မာပြည်သူလူထုကြီးတရပ်လုံးသည် ယနေ့အချိန်ထိ ခိုင်မာသော နိုင်ငံရေးယုံကြည်ချက်ဖြင့် ဆက်လက် တိုက်ပွဲဝင်နေဆဲ ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ စစ်အာဏာရှင် အဆက်ဆက်သည် လွန်ခဲ့သည့် (၂၂)နှစ်တာ ကာလအတွင်းကတည်းက ပေါ်ပေါက်ခဲ့သည့် လူမျိုးပေါင်းစုံ ပြည်သူလူထု၏ သွေးနှင့်ရေးခဲ့သည့် ဒီမိုကရေစီအရေးတော်ပုံ၏တောင်းဆိုချက်ကို တာဝန်ယူဖြေရှင်းပေးမှု မရှိခဲ့သည့်အပြင် ဒီမိုကရေစီလိုလား သော ပြည်သူလူထု၏ သဘောထားကို လစ်လျူရှုကာ ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲကို အတင်းအကျပ်ပြုလုပ်ရန် တဖက်သတ်စီစဥ်လျက်ရှိသည်။ တဖက်တွင်လည်း ၎င်းတို့ အာဏာတရားဝင်တည်မြဲရေး အတွက်လုပ်ငန်းစဉ်များ စနစ်တကျအကောင်အထည်ဖေါ်နိုင်ရန် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အား နေအိမ်အကျယ်ချုပ်ဖြင့် မတရားဖမ်းဆီးထိမ်းသိမ်းထားသည့်အပြင် တိုင်ရင်းသားခေါင်းဆောင်များ၊ ရဟန်းသံဃာတော်များနှင့် ရှစ်လေး လုံး ကျောင်းသားခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကိုလည်း နှစ်ရှည်ထောင်ဒဏ်များချမှတ်ကာ ဖမ်းဆီးထောင်ချ ထားလျှက်ရှိသည်။

တိုင်းရင်းသားနယ်မြေများအတွင်းအပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားအင်အားစုများအားလည်း နယ်ခြားစောင့်တပ် အသွင် ပြောင်းရေးကို တစိုက်စိုက်မတ်မတ် ဖိအားပေးနေလျှက်ရှိသည်။ထို့အပြင်တိုင်းရင်းသားနယ်မြေများတွင်လည်းစစ်ရေးအရ ထိုးစစ်ဆင်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျှက်ရှိနေသည်။ထိုရလာဒ်များကြောင့် စစ်ဖြစ်ပွါးရာနယ်မြေဒေသများရှိ ပြည်သူများမှာ နယ်စပ်ဒေသများသို့ ထွက်ပြေး တိမ်းရှောင်နေကြရသည်။ နအဖစစ်အစိုးရသည် နိုင်ငံရေးကိုနိုင်ငံရေးအရ ဖြေရှင်းပေးမည့်အစား ပြည်သူလူထုအား အဖက်ဖက်မှ အခက်အခဲ၊ အကျပ်အတည်း ဖြစ်ရန်ကိုသာ ဦးတည်လုပ်ဆောင်နေလျှက်ရှိသည်။

ထို့အပြင် လက်ရှိအခြေအနေတွင်လည်း မြန်မာစစ်အစိုးရသည် ၎င်းတို့အကောင်အထည်ဖေါ်မည့် ရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင်ကြိုးပမ်းဆောင်ရွက်နေသည်ဟု ပြည်သူလူထုတရပ်လုံးနှင့်နိုင်ငံတကာအသိုင်းအဝိုင်းအား ကြွေး ကြော်ပြောဆိုနေသည်။ သို့သော် ၎င်းတို့၏ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ယနေ့တိုင် မည်သည့်အချိန် တွင်ရွေးကောက်ပွဲ လုပ်မည်ဟူသော တရားဝင်ထုတ်ပြန်ပြောကြားခြင်းမရှိသေးသည်ကို ကြည့်ခြင်းဖြင့် လည်းကောင်း နအဖစစ်အစိုးရသည် နိုင်ငံရေးအရနည်းပရိယာယ်မျိုးစုံသုံး၍ ပြည်သူလူထုနှင့်နိုင်ငံတကာ အသိုင်းအဝိုင်းကိုပါ လှည့်ကွက်ဆင်လိမ်လည်နေခြင်းဖြစ်သည်မှာ သိသာ ထင်ရှားပေသည်။

ထို့ကြောင့် နအဖအစိုးရ၏၂၀၀၈ ဖွဲ့စည်းပုံကိုအသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲ၏ရလဒ်သည် တိုင်းရင်းသားပြည်သူလူထုတရပ် လုံးအတွက် မည်သို့မျှ တရားမျှတမှုနှင့်ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီစနစ်ကို ဖေါ်ဆောင်ပေးနိုင်မည်မဟုတ်ကြောင်း သုံးသပ်ပါသည်။ သို့ပါ၍ စစ်အာဏာရှင်စနစ်တရားဝင်ဖြစ်အောင်ပြုလုပ်ပေးမည့် ၂၀၁၀ ရွေးကောက်ပွဲအားဆန့်ကျင်တိုက်ဖျက်သွားရန်အတွက် တိုင်းရင်းသား အင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၊ ပြည်သူလူထုတရပ်လုံးနှင့်အတူလက်တွဲပြီး ရှစ်လေးလုံးစိတ်ဓါတ်ဖြင့် တိုက်ပွဲဝင်သွားမည်ဖြစ် ကြောင်း မိမိတို့အနေဖြင့် အလေးအနက်ပြောကြားလိုပါသည်။

ချင်းမိုင်အခြေစိုက်အဖွဲ့အစည်းများ။

**ဆက်သွယ်ရန်**


တင်တင်ညို – ၀၈၁၀၃၂၂၈၈၂

အောင်နိုင်စိုး – ၀၈၉၄၆၀၅၇၄၆

တင်တင်နွယ် – ၀၈၇၈၄၉၉၃၃၂